ထပ်ထည့်မယ်ဆိုရင်လည်း ထည့်လို့ရပါတယ်။ ဒါပေမဲ့ Windows Home Premium ကို သုံးထားတယ်ဆိုရင်တော့ 16GB က အများဆုံး ဖြစ်ပါတယ်။ အခြား OS version တွေဆိုရင် 16GB အထက်ကို သုံးနိုင်ပါတယ်။ ဒါကြောင့် Windows OS တင်သုံးမယ်ဆိုရင် Pro Version ထက် USD 20 ပဲ ပိုပေးရတဲ့ Windows 7 Ultimate OEM ကိုဝယ်ဖို့ အကြံပြုပါရစေ။ ယင်းကို ရွေးချယ်ခြင်းအားဖြင့် Media Center ကိုပါ အသုံးပြုနိုင်တဲ့အတွက် Direct X game ပေါင်းများစွာကို အလွယ်တကူ ကစားနိုင်မှာ ဖြစ်ပါတယ်။

## Pricey Performance

အခုပြီးသွားတဲ့ PC ကို အရင်ဆင်ခဲ့ဖူးတဲ့ LAN party PC နဲ့ နှိုင်းယှဉ်ကြည့်ရာမှာ ပိုမိုထူးကဲသာလွန်နေတာကို တွေ့ရပါတယ်။ LAN party PC မှာ Core i7-2600K CPU နဲ့ factory-overclocked လုပ်ပြီးဖြစ်တဲ့ Asus GTX570 card ကို အသုံးပြုထားပါတယ်။ အဲဒီအကြောင်းကို *(find.pcworld.com/72434)* မှာ အသေးစိတ်ဖတ်နိုင်ပါတယ်။ အခု ဆောင်းပါးနဲ့တွဲဖက်ဖော်ပြထားတဲ့ ဇယားမှာ မတူညီတဲ့ system ၂ ခုကို benchmark စနစ်ပေါင်း အချို့နဲ့ နှိုင်းယှဉ်ခဲ့ရာမှရထားတဲ့ ရလဒ်တွေကို တွေ့နိုင်မှာ ဖြစ်ပါတယ်။ Benchmark နဲ့ မစစ်ဆေးခင်ကတည်းက Sandy Bridge Extreme PC ကို auto-overclocking လုပ်ပြီးသား ဖြစ်ပါတယ်။ စာရေးသူတို့ဆင်ခဲ့တဲ့ PC ကတော့ အဖက်ဖက်မှာ သာလွန်တဲ့ ရလဒ်တွေရခဲ့ပါတယ်။ 3D Mark နဲ့ PC Mark တို့က အမှတ်တွေထုတ်ပေးမယ့်အစား unit number တွေ၊ (ဥပမာ– frame per second) စတာတွေနဲ့ ပြထားမှာဖြစ်ပြီး 3D Mark 11 Performance score မှာ ၁၀,၀၀၀ အထက် ရတယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်ပါတယ်။ PC Mark မှာတော့ ၅,၀၀၀ ကျော်ရရင် အကောင်းဆုံးဖြစ်ပါတယ်။

သေချာတာတစ်ခုကတော့ ဒီ PC ကိုဆင်ဖို့အတွက် ကုန်ကျစရိတ် မသေးပါဘူး။ 2TB hard drive၊ 1.5GB frame buffer ပါတဲ့ EVGA GTX 580 SC graphics card၊ Core i7-3930K စတာတွေနဲ့ ဆင်လိုက်ရင် USD 2619 ရှိပါတယ်။ ပိုကောင်းတဲ့ စွမ်းဆောင်မှုကိုလိုချင်လို့ ဒုတိယမြောက် EVGA Card ကို တပ်လိုက်ရင် USD 3119 အထိ ဖြစ်သွားမှာ ဖြစ်ပါတယ်။ အကောင်းဆုံးတွေလိုချင်ရင်တော့ ကုန်ကျစရိတ်ကြီးမှာ ဖြစ်ပါတယ်။ ■

# မလိုချင်တဲ့ YouTube comment များ ဖယ်ထုတ်ခြင်း

လွန်ခဲ့တဲ့ တစ်ပတ်လောက်က စာရေးသူရဲ့တူလေးတစ်ယောက်က TankBot အကြောင်းသိချင်တယ်ဆိုပြီး ပြောလာပါတယ်။ စာရေးသူလည်း တစ်ခါမှ မကြားဖူးတာကြောင့် online မှာ ရှာကြည့်ပါတယ်။ နောက်ဆုံးတော့ YouTube မှာ သေသေချာချာလေ့လာခွင့်ရခဲ့ပါတယ်။ Smartphone အသုံးပြုပြီး ထိန်းချုပ်ကစားနိုင်တဲ့ တင့်ကားစက်ရုပ်လေးတွေဖြစ်ပါတယ်။

သုံးစွဲဖူးသူတွေ၊ ဒီအကြောင်း သိသူတွေက ရေးထားတဲ့ comment တွေကို လိုက်ဖတ်ကြည့်နေရင်း လူနှစ်ယောက် comment တွေပေးရင်း ရန်ဖြစ်ထားတာကို တွေ့မိပါတယ်။ တစ်ဦးနဲ့တစ်ဦး ဆဲထားလိုက်တာ မိုးမွှန်နေတာပဲ။ တော်သေးတာက စာရေးသူဖတ်ကြည့်နေတဲ့ချိန် အနားမှာ ကလေးတွေရှိမနေတာပါပဲ။ စာရေးသူအတွေးထဲ တစ်ခုဝင်လာတာက တကယ်လို့များ လူကြီးတွေကွယ်ရာမှာ ကလေးတွေဝင်ဖတ်ကြည့်မိလို့ ဒီလိုမိုက်မိုက်ရိုင်းရိုင်း အဆင့်မရှိ ဆဲဆိုထားတာတွေကိုသာ တွေ့မိလို့ကတော့ အတုယူမှားကုန်ရင် ဒုက္ခပါပဲဆိုပြီး ဖြစ်ပါတယ်။

အထက်ပါ ကိစ္စမျိုးတွေကိုကာကွယ်ဖို့ Google Chrome အသုံးပြုသူတွေအတွက် comment Snob ကို *(find.pcworld.com/72430)* ကတစ်ဆင့် ရနိုင်ပါတယ်။ Firefox သုံးစွဲသူတွေအတွက် YouTube Comment Snob ကို *(find.pcworld.com/63380)* ကတစ်ဆင့် ရနိုင်ပါတယ်။ ယင်း version ၂ ခုစလုံးဟာ YouTube video တွေမှာ ရေးထားကြတဲ့ မလိုလားအပ်တဲ့ comment တွေကို ပိတ်ပင်တဲ့ add-on တွေ ဖြစ်ကြပါတယ်။

Chrome မှာ သုံးစွဲထားတဲ့ add-on ဟာ တခြား site တော်တော်များများအတွက်လည်း အလုပ်လုပ်ပေးနိုင်တာ တွေ့ရပါတယ်။ နောက်ပြောင်မှုတစ်ခုမဟုတ်ဘဲ အမှန်တကယ်အလုပ်လုပ်ပေးနိုင်တဲ့ add-on တစ်မျိုး ဖြစ်ပါတယ်။

Comment Snob တွေဟာ တစ်ခုထက်ပိုတဲ့ criteria တွေကို အလုပ်လုပ်ပေးနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဥပမာ– လိုတာထက်ပိုတဲ့ punctuation တွေ၊ capital letter တွေနဲ့ ရေးသားထားတာ စတာတို့ ဖြစ်ပါတယ်။ ဒါ့ပြင် စာလုံးပေါင်း အလွန်အကျွံမှားယွင်းမှုတွေကိုလည်း ရှာဖွေဖယ်ထုတ်ပစ်နိုင်ပါတယ်။




ရိုင်းရိုင်းစိုင်းစိုင်းရေးသားထားတာတဲ့ comment တွေကို Comment Snob ကနေတစ်ဆင့် ဖယ်ရှားနိုင်ပါတယ်

အရေးအကြီးဆုံးကတော့ တစ်ဦးနဲ့တစ်ဦး လေးလေးစားစားမရှိဘဲ ရိုင်းစိုင်းစွာရေးထားကြတဲ့ comment တွေကို ပိတ်ထားတာ ဖြစ်ပါတယ်။ Chrome သုံးစွဲသူဆိုပါက မိမိ filter လုပ်လိုတဲ့ စကားလုံးတွေ၊ စကားစုတွေကို web page ပေါ်မှာ ပေါ်မလာအောင် ပိတ်ထားနိုင်စွမ်းရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် comment Snob က အများကြီးလုပ်နိုင်စွမ်းမရှိပေမယ့် စတင်သုံးဖို့အတွက် သင့်လျော်ပါတယ်။ ဒါကြောင့် ကလေးတွေ YouTube ကိုကြည့်ရင်း video တွေရဲ့ အောက်မှာရေးထားတဲ့ comment တွေထဲက မိုက်ရိုင်းတဲ့ စကားလုံးတွေ၊ နားမထောင်သင့်တဲ့ အောက်ပိုင်းဟာသပြက်လုံးတွေ စတာတွေကို မမြင်ရအောင် filter လုပ်ပြီး ပိတ်ထားနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် ဒီလိုပုံစံမျိုးကို Google မှာ သုံးသင့်တယ်လို့လည်း အကြံပြုလိုက်ပါတယ်။ ■